ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရပြုလုပ်မဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ပိတ်ပင်မဲ့ အခြေအနေနဲ့ပတ်သက်ပြီး မစ္စတာ ဂမ်ဘာရီ လာမဲ့မတ်လဆန်း မြန်မာနိုင်ငံကို သွားရောက်ချိန်မှာ အဓိကထား ဆွေးနွေးမယ်လို့ သိရပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ ပြဋ္ဌာန်းဖို့ ကြိုးစားနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ အတိုက်အခံ ဒီမိုကရေစီ အင်အားစုတွေနဲ့ တိုင်းရင်းသားတွေရဲ့ အကျိုးအတွက်ပါ ထည့်သွင်းရေးဆွဲမှုမရှိခဲ့ရင် ပြည်တွင်းပြည်ပရဲ့ ယုံကြည်အားထားမှုကို ရနိုင်မှာမဟုတ်ဘူးလို့ မစ္စတာ ဂမ်ဘာရီက ပြောပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီထက်ပိုပြီး ခြေခြေမြစ်မြစ် ဆွေးနွေးရေးကို ချက်ခြင်းစတင် ဆောင်ရွက်သင့်ကြောင်း၊ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံးတွေကို နိုင်ငံအနှံ့ ဖွင့်ခွင့်ပေးဖို့၊ ဒါမှလည်း သူတို့အနေနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်မှာဖြစ်ကြောင်း မစ္စတာ ဂမ်ဘာရီက ပြောပါတယ်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွင်း ယုံကြည်စိတ်ချရမှုရှိအောင် ပြုလုပ်မှလည်း ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ မျှော်လင့်ချက်တွေသာမက ပြည်တွင်းက ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကိုပါ ဖြည်းဆည်းပေးရာရောက်မှာ ဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်ခင် ပြုပြင်စရာရှိတာတွေကို ပြုပြင်သွားဖို့ ဖြစ်နိုင်သေးတဲ့အကြောင်း မစ္စတာ ဂမ်ဘာရီက ပြောပါတယ်။

မြန်မာ့အိမ်နီးချင်း နိုင်ငံတွေအနေနဲ့ အခုလိုမြန်မာနိုင်ငံအရေးမှာ ပိုမိုဖိအားပေး လာကြတဲ့အချက်ကို မစ္စတာဂမ်ဘာရီက ကြိုဆိုလိုက်ပြီး ဒီထက်ပိုမိုလုပ်ဆောင်ဖို့ကိုလည်း တိုက်တွန်းလိုက်ပါတယ်။

အတော်အတန်နောက်ကျနေပေမဲ့လည်း အခုလက်ရှိအချိန်မှာတောင်မှ အရှေ့တောင်အာရှနိုင်ငံတွေ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့အနေနဲ့ မြန်မာစစ်အစိုးရကို သူတို့ရဲ့ ရပ်တည်ချက်သဘောထားတွေ၊ မြန်မာနိုင်ငံအပေါ် မျှော်လင့်ချက်တွေနဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန် ရှင်းရှင်းလင်းလင်း ပြသဖို့လိုအပ်ကြောင်း သူက တိုက်တွန်းပြော ဆိုပါတယ်။

Filename: Document2
Directory:
Template: I:\Documents and Settings\Thang Za Mang\Application Data\Microsoft\Templates\Normal.dot
Title:
Subject:
Author: Thang Za Mang
Keywords:
Comments:
Creation Date: 2/24/2008 1:26:00 PM
Change Number: 1
Last Saved On:
Last Saved By:
Total Editing Time: 0 Minutes
Last Printed On: 2/24/2008 1:27:00 PM
As of Last Complete Printing
Number of Pages: 1
Number of Words: 246 (approx.)
Number of Characters: 1,408 (approx.)